# ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်

**မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသောအခြေအနေများနှင့်စပ်လျဥ်းသည့် ဆုံးဖြတ်ချက်အား ကုလသမဂ္ဂလုံခြုံရေးကောင်စီက အတည်ပြုခဲ့ခြင်းအပေါ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏သဘောထားထုတ်ပြန်ချက်**

၁။ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၂ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော အခြေအနေများနှင့်စပ်လျဥ်း၍ ဆုံးဖြတ်ချက်တစ်ရပ်အား အတည်ပြုချမှတ်ခဲ့ခြင်းအပေါ် ပြည်သူလူထုက ဒီမိုကရေစီရွေးကောက်ပွဲမှတစ်ဆင့် ရွေးချယ်တင်မြှောက်ထားသော ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအနေဖြင့် ဝမ်းမြောက်စွာဖြင့် ကြိုဆိုထောက်ခံပါသည်။ အဆိုပါမူကြမ်းအတွက် ဦးဆောင်ရေးဆွဲပြုစုခဲ့သည့် ဗြိတိန်နိုင်ငံနှင့် အတည်ပြုရာတွင်လည်း ထောက်ခံခဲ့ကြသည့် အခြားနိုင်ငံများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။

၂။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ယခုဆုံးဖြတ်ချက်သည် လပေါင်း ၂၀ ကျော်ကြာ ဒီမိုကရေစီကို အသက်ပေး၍ကာကွယ်နေကြသည့် မြန်မာပြည်သူလူထုအတွက် ခွန်အားတစ်ခုဖြစ်သကဲ့သို့ အာဏာသိမ်းစစ်တပ်၏ လူမဆန်သော အကြမ်းဖက်လုပ်ရပ်များကို ရပ်တန့်ရေးကြိုးပမ်းမှုလည်း ဖြစ်ပါသည်။ သို့သော် အကြမ်းဖက်စစ်အာဏာရှင်များ၏ နေ့စဥ်တိုး၍ လုပ်ဆောင်နေသောအကြမ်းဖက်လုပ်ရပ်များအား ချက်ချင်းရပ်တန့်စေပြီး မြန်မာပြည်သူတို့၏ ဒီမိုကရေစီပြန်လည်ရရှိရေး ကြိုးပမ်းမှုကို ပိုမိုမြန်ဆန်စွာ ကူညီပံ့ပိုးပေးရန် ယခုထက်ခိုင်မာထိရောက်သောဆောင်ရွက်ချက်တို့ ဆက်လက်ပြုလုပ်ရန် လိုအပ်နေသေးကြောင်း အသိပေးလိုပါသည်။

၃။ အာဆီယံ၏ ဘုံသဘောတူညီချက် (၅) ချက်ကိုလည်း ထိရောက်လျင်မြန်စွာ ချက်ချင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် နိုင်ငံတော်သမ္မတဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အကြမ်းဖက်စစ်တပ်က မတရားဖမ်းဆီးချုပ်နှောင် ထားသည့် အကျဉ်းသားအားလုံးကို ချက်ချင်းလွှတ်ပေးရန် တောင်းဆိုချက်ကိုလည်း မိမိတို့အနေဖြင့် ကြိုဆိုပါသည်။ ယင်းသည် အာဆီယံငြိမ်းချမ်းရေး သဘောတူညီချက်အား အမှန်တကယ် အကောင် အထည်ဖော်နိုင်ရေးနှင့် ဒီမိုကရေစီဖြစ်စဥ်များ ပြန်လည်ထိန်းသိမ်းရန်အတွက် ပထမဦးစွာ ဆောင်ရွက်ရမည့် လုပ်ငန်းစဥ်ပင် ဖြစ်ပါသည်။

၄။ ဆုံးဖြတ်ချက်တွင်ပါဝင်သည့် ရိုဟင်ဂျာဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ အတွက် ၎င်းတို့၏ဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာ၊ သိက္ခာရှိစွာ၊ ရေရှည်တည်တံ့ ခိုင်မြဲစွာ နေရပ်ပြန်လည်သွားရောက်နိုင်ရေးအတွက် လိုအပ်သောအခြေအနေများဖန်တီးပေးရန် ဆိုသည့် အချက်တွင် လူမျိုးတုံးသတ်ဖြတ်မှုများ ကျူးလွန်ထားပြီး ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ကာကွယ်နေ ကြသူများအပေါ် အကြမ်းဖက်ဖိနှိပ်နေသည့် အာဏာသိမ်းစစ်တပ်သည် အဓိကအဟန့်အတား တစ်ခုပင်ဖြစ်ကြောင်း ဖော်ပြလိုပါသည်။

၅။ မြန်မာပြည်သူလူထုအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပြည့်ဝလုံခြုံစွာ အဟန့်အတားမရှိ အကူအညီလိုအပ်နေသူများထံ ပေးအပ်နိုင်ရန် ဆိုသည့်အချက် မှာ အချိန်မဆိုင်းဘဲ ချက်ချင်းအကောင်အထည်ဖော်ဆောင်ပေးရန်လိုအပ်ပြီး အမှန်တကယ် လိုအပ် နေသည့် ပြည်သူများထံရောက်ရှိနိုင်ရန် မိမိတို့ကဖွဲ့စည်းထားသည့် အမျိုးသား ညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားတော်လှန်ရေးအင်အားစုများနှင့် ဒီမိုကရေစီအင်အားစုများဖြင့် လက်တွဲလုပ်ဆောင် ပေးရန် အရေးကြီးပါသည်။

၆။ ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ပြန်လည်သင့်မြတ်ရေးနှင့် ဆွေးနွေးပွဲများမှတစ်ဆင့် အားလုံးပါဝင်သော ဒီမိုကရေစီကိုယ်စားပြုအဖွဲ့အစည်းများ ပြန်လည်တည်ဆောက်နိုင်ရေးသည် မိမိတို့အနေဖြင့်သဘောတူညီပြီး မိမိတို့တော်လှန်ရေးအင်အားစုများ၏ ဦးစားပေးလုပ်ငန်းတစ်ရပ် လည်းဖြစ်ပါသည်။ သို့သော် မြန်မာစစ်အာဏာရှင်များက ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအပေါ် တာဝန်ခံစေရန်နှင့် မြန်မာပြည်သူလူထုအတွက် တရားမျှတမှု ဖော်ဆောင်ပေးနိုင်ရန် မိမိတို့၏ ကြိုးပမ်းအားထုတ်မှုများကို စစ်အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်းစေရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ

ထွန်းကားလာစေရေး နိုင်ငံတကာအနေဖြင့် မပြစ်မနေဝိုင်းဝန်းဖော်ဆောင်ပေးရမည် ဖြစ်ပါသည်။ သို့မှသာ နိုင်ငံတကာငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအပေါ် ကာကွယ်နိုင်ရန်အတွက် မိမိတို့၏စီစဉ်ဆောင်ရွက်နေမှုများကို သက်သေပြနိုင်မည် ဖြစ်ပါသည်။

၇။ မြန်မာနိုင်ငံ၌ တိုးပွားဖြစ်ပေါ်နေသည့် အာဏာသိမ်းစစ်တပ်၏ လူမဆန်သော အကြမ်းဖက်မှုများ အမြန်ဆုံးရပ်တန့်စေရန် စစ်လက်နက်များတင်ပို့မှုအပေါ် အရေးယူဒဏ်ခတ် ပိတ်ဆို့မှုများ မဖြစ်မနေဆောင်ရွက်ပေးရန်နှင့် ပြည်သူလူထုတို့၏ ဆန္ဒသဘောထားနှင့်အညီ ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီစနစ်အား အာမခံချက်ပေးမည့် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ဖွံ့ဖြိုးရေးကဏ္ဍ အသီးသီးအတွက် ထိထိရောက်ရောက်ပံ့ပိုး ကူညီပေးရန် လေးလေးနက်နက် တောင်းဆို တိုက်တွန်းအပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ